Message Ten

# ယောဟန်ဧဝံဂေလိစာစောင်၌ ဖွင့်ပြထားသည့်အတိုင်း
# ဘုန်းတော်နှင့် ဘုန်းထင်ရှားခြင်း

ဖတ်ရန်ကျမ်း။  ။ ယော၊၁း၁၄။ ၂း၁၁။ ၅း၄၄။ ၈း၅၄။ ၁၂း၂၃။ ၁၃း၃၁-၃၂။ ၁၇း၁၊ ၅၊ ၂၂

**I. ဘုန်းတော်သည် ဘုရားသခင်၏ဂုဏ်အင်္ဂါတော်တစ်ခု ဖြစ်သည်။ ဘုန်းတော်သည် ဘုရားသခင်၏ထင်ရှားခြင်း၊ ဂုဏ်ထည်ဝါခြင်း၌ ဘုရားသခင်ထင်ရှားခြင်း ဖြစ်သည် - ထွ၊၄ဝး၃၄။ တ၊၇း၅၅။ ၂ပေ၊၁း၃။ ဗျာ၊၂၁း၁၁။**

**II. ဘုရားသခင်၏ဘုန်းတော်သည် ဘုရားသခင်၏စီမံကိန်းနှင့် ပင်ကိုမူလဆိုင်ရာ ဆက်နွှယ်နေသည် - ဧ၊၁း၆၊ ၁၀၊ ၁၂၊ ၁၄။ ၃း၂၁။ ၅း၂၇။**

A. သုံးပါးတစ်ပါးဘုရားသည် ဘုန်းတော်၏ ဘုရားသခင်ဖြစ်သည် - တ၊၇း၂။ ဧ၊၁း၁၇။ ၃း၁၄၊ ၁၆။ ၁ကော၊၂း၈။ ၂ကော၊၄း၆။ ၁ပေ၊၄း၁၄။

B. ဘုရားသခင်၏ထာဝရပန်းတိုင်မှာ ကိုယ်တော်၏များစွာသောသားများကို ဘုန်းတော်အထဲသို့ ခေါ်ဆောင်ရန် ဖြစ်သည် - ဟေဗြဲ၊၂း၁၀။ ၁ကော၊၂း၇။ ဧ၊၁း၅-၆၊ ၁၂၊ ၁၄။

C. လူသည် ဘုရားသခင်အားဖြင့် ကိုယ်တော်၏ပုံသဏ္ဌာန်၌ ဖန်ဆင်းခံရပြီး၊ ယင်းမှာ လူသည် ကိုယ်တော်၏ဘုန်းတော်၌ ကိုယ်တော်ကို ထင်ရှားနိုင်ရန်အလို့ငှာ ဖြစ်သည် - က၊၁း၂၆။ ကော၊၁း၁၅။ ၂ကော၊၄း၄၊ ၆။

D. အပြစ်ပြုခြင်းမှာ ဘုရားသခင်၏ဘုန်းတော် ပြည့်မီမှုမရှိခြင်းဖြစ်ကာ၊ ထိုသို့ဖြင့် အပြစ်နှင့် အပြစ်ပြည့်ဝသော အတ္တကို ထင်ရှား၍၊ ဘုရားသခင်၏ဘုန်းတော်ထက် လူတို့၏ဘုန်းကို ပို၍ ချစ်နှစ်သက်ခြင်း ဖြစ်သည် - ရော၊၃း၂၃။ ယော၊၅း၄၄။ ၇း၁၈က။ ၁၂း၄၃။

E. ခရစ်တော်၏ရွေးနုတ်ခြင်းသည် ဘုရားသခင့်ဘုန်းတော်၏ တောင်းဆိုချက်များကို ပြည့်စုံစေခဲ့ပြီဖြစ်သည် - ရော၊၃း၂၄-၂၅။ ဟေဗြဲ၊၉း၅။ ညွှန်း၊ က၊၃း၂၄။

F. ခရစ်တော်၏ဘုန်းတော် ဧဝံဂေလိတရားမှတစ်ဆင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ထာဝရဘုန်းတော်အားဖြင့် ၎င်းအထဲသို့ ခေါ်တော်မူခဲ့သည် - ၂ကော၊၄း၄။ ၁တိ၊၁း၁၁။ ၁သက်၊၂း၁၂။ ၁ပေ၊၅း၁၀။

G. အရာအားလုံးပါဝင်သော ခရစ်တော်သည် ကျွန်ုပ်တို့၌ ဘုန်းတော်၏ မျှော်လင့်ခြင်းအဖြစ် ကိန်းဝပ်နေသည် - ကော၊၁း၂၇။ ၃း၄၊ ၁၁။

H. ကျွန်ုပ်တို့သည် သခင်ဘုရား၏ဘုန်းတော်ကို မျှော်ကြည့်၍ ရောင်ပြန်ဟပ်သည့်အလျောက် သခင်ဘုရား၏သဏ္ဌာန်တော်အထဲသို့ ဘုန်းတော်မှ ဘုန်းတော်သို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ခံနေကြရသည် - ၂ကော၊၃း၁၈။

I. ဘုရားသခင်၏အသက်ဆိုင်ရာကယ်တင်ခြင်း ပန်းတိုင်နှင့် ဤကယ်တင်ခြင်း၏ နောက်ဆုံးသောအဆင့်မှာ ဘုန်းတော် - ကျွန်ုပ်တို့၏ ဘုန်းဝင်စားခြင်း - ဖြစ်သည် - ဟေဗြဲ၊၂း၁၀။ ရော၊၈း၁၇၊ ၂၁၊ ၃၀။

J. ဘုရားသခင်၏တည်ဆောက်ခြင်းမှာ ကျွန်ုပ်တို့အထဲသို့ ဆောင်ယူခံရသော သုံးပါးတစ်ပါးဘုရားပင် ဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုန်းထင်ရှားသော စုပေါင်းထားသည့် ထင်ရှားခြင်းဖြစ်လာရန် ဖြစ်သည် - ဧ၊၂း၂၁-၂၂။ ၃း၁၇က၊ ၁၉ခ၊ ၂၁။ ၄း၁၆။ ၅း၂၇။ ညွှန်း၊ ထွ၊၄ဝး၃၄။ ၁ဘုရင်၊၈း၁ဝ-၁၁။ ယေဇ၊၄၃း၄-၅။ ဟဂ္ဂဲ၊၂း၇၊ ၉။

K. ဘုရားသခင်၏နိုင်ငံတော်နှင့် ဘုရားသခင်၏ဘုန်းတော်သည် ခွဲခြားမရနိုင်သောကြောင့် ဘုရားသခင်၏ဘုန်းတော်သည် လာမည့်နိုင်ငံတော်၌ ထင်ရှားပေါ်ထွန်းခြင်းရှိလိမ့်မည်ဖြစ်သည် - မ၊၆း၁၃။ ၁၆း၂၇။ ၂၆း၂၉။ ၁သက်၊၂း၁၂။ ဗျာ၊၅း၁၃။

L. ယေရုရှလင်မြို့သစ်၏ ထူးကဲပေါ်လွင်သော အင်္ဂါရပ်မှာ ၎င်း၌ ဘုရားသခင်၏ဘုန်းတော်၊ ကိုယ်တော်၏ထင်ရှားခြင်း ရှိနေခြင်းဖြစ်သည်။ ယေရုရှလင်မြို့သစ်၏ မြို့တော်တစ်ခုလုံး တည်းဟူသော စုပေါင်းထားသော ပုဂ္ဂိုလ်သည် ဘုရားသခင်၏ဘုန်းတော်ကို ဆောင်နေမည်ဖြစ်ပြီး၊ ယင်းမှာ ဘုရားသခင်ကိုယ်တော်တိုင်သည် ကိုယ်တော်၏ဇနီးတည်းဟူသော မြို့တော်မှတစ်ဆင့် ထွန်းလင်းနေခြင်း ဖြစ်သည် - ၁၉း၇-၉။ ၂၁း၂၊ ၁၀-၁၁။

M. ဘုရားသခင်၏စီမံကိန်းရှိ ဘုရားသခင်၏ဘုန်းတော်တွင် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်မားဆုံးအထွတ်အထိပ် - ဘုရားသခင်သည် လူဖြစ်လာခြင်းမှာ လူကို ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ၊ အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်း၌ ဘုရားဖြစ်လာစေရန်ဖြစ်ခြင်း - ပါဝင်သည် - ယော၊၁း၁၄။ ကော၊၃း၄။ ဟေဗြဲ၊၂း၁၀။ ဗျာ၊၂၁း၁၀-၁၁။

N. ဘုရားသခင့်စီမံကိန်း၏ပန်းတိုင်မှာ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်၏ဘုန်းတော်ကို ထွန်းလင်းစေရန်ဖြစ်သည် - အငယ်၊၂၊ ၂၃-၂၄။

## III. ဘုရားသခင်၏ဘုန်းတော်၌ ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်ပေါ်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွခြင်းနှင့် တစ်ဖန်ကြွလာခြင်း၊ ယေရုရှလင်မြို့သစ်၌ ကိုယ်တော်သည် မီးခွက်ဖြစ်ခြင်းတို့ ပါဝင်သည်။

A. ကိုယ်တော်၏အသက်တာနှင့် အလုပ်၌ သခင်ယေရှုသည် မိမိကိုယ်ပိုင်ဘုန်းကို ရှာဖွေခြင်းမဟုတ်ဘဲ၊ ကိုယ်တော်ကို စေလွှတ်တော်မူသောအရှင်၏ ဘုန်းတော်ကိုသာ ရှာဖွေခဲ့သည် - ယော၊၇း၁၈။ ၈း၅၀၊ ၅၄။

B. ခရစ်တော်သည် ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ဘုန်းထင်ရှားခဲ့သည် - လု၊၂၄း၂၆။ ယော၊၇း၃၉။ ၁၇း၅။ တ၊၃း၁၃။ ၁ပေ၊၁း၂၁။

C. ခရစ်တော်သည် ကိုယ်တော်၏တက်ကြွခြင်း၌ ဘုန်းထင်ရှားခဲ့သည်။ သခင်ယေရှုသည် "မြစ်ကိုဖြတ်ကူးခဲ့သော"သူ၏ စံနမူနာဖြစ်ပြီး၊ ဘုရားသခင်၏ဘုန်းတော်အထဲသို့ ဝင်ရောက်ခဲ့ကာ၊ ယင်း၌ ကိုယ်တော်သည် ဘုန်းတော်နှင့် ဂုဏ်အသရေဖြင့် သရဖူတင်ခြင်း ခံရသည် - ဟေဗြဲ၊၂း၉-၁၀။ ၆း၁၉-၂၀။ ၉း၂၄။

D. လူသားတော်အဖြစ် သခင်ဘုရားသည် ခမည်းတော်၏ဘုန်းတော်၌ ကြွလာလိမ့်မည်ဖြစ်သည် - မ၊၁၆း၂၇။ လု၊၂၁း၂၇။

E. ယေရုရှလင်မြို့သစ်၌ ထာဝရကာလပတ်လုံး မီးခွက်အဖြစ် သိုးသငယ်ဖြစ်သော ခရစ်တော်သည် အလင်းအဖြစ် ဘုရားသခင်ဖြင့် ယေရုရှလင်မြို့သစ်ကို ဘုရားသခင်၏ဘုန်းတော်ဖြင့် အလင်းပေးရန် ထွန်းလင်းမည်ဖြစ်ကာ၊ ထိုဘုန်းတော်သည် ဘုရားဆိုင်ရာအလင်း၏ ထင်ရှားခြင်းဖြစ်သည် - ဗျာ၊၂၁း၁၁၊ ၂၃။ ၂၂း၅။

## IV. ယောဟန်ဧဝံဂေလိစာစောင်၌ သခင်ယေရှု၏ ဘုန်းတော်နှင့် ဘုန်းထင်ရှားခြင်းကို ကျွန်ုပ်တို့မြင်နိုင်ပေသည်။

A. "ခမည်းတော်မှ တစ်ပါးတည်းသော သားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ" (၁း၁၄)။ ဤသည်မှာ တောင်ပေါ်တွင် ခရစ်တော်၏ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းကို ရည်ညွှန်းသည် (မ၊၁၇း၁-၂၊ ၅)။

B. "ယေရှုသည် ... မိမိဘုန်းတော်ကို ထင်ရှားစေတော်မူ၏"။ သခင်ဘုရား၏ ဘုရားဇာတိသည် ထင်ရှားပေါ်ထွန်းခဲ့သည် - ယော၊၂း၁၁။

C. သခင်ယေရှုသည် "လူတို့ထံမှ ဘုန်းကို မခံမယူခဲ့ပေ"၊ ကိုယ်တော်က "အချင်းချင်းပေးသော ဘုန်းအသရေကိုသာ ခံ၍၊ ဘုရားသခင်သာလျှင် ပေးတော်မူတတ်သော ဘုန်းအသရေကို မရှာဖွေဘဲ၊ သင်တို့သည် အဘယ်သို့ ယုံကြည်နိုင်မည်နည်း" ဟု မေးခဲ့သည် - ၅း၄၁၊ ၄၄။

D. "ကိုယ်အလိုအလျောက် ဟောပြောသောသူသည် မိမိဘုန်းအသရေကို ရှာတတ်၏။ မိမိကို စေလွှတ်တော်မူသောသူ၏ ဘုန်းအသရေကို ရှာသောသူမူကား ဟုတ်မှန်သောသူ ဖြစ်၏" - ၇း၁၈။

1. "ငါသည် ကိုယ်ဘုန်းအသရေကို မရှာ။ ငါ့၏ဘုန်းအသရေကို ရှာ၍ စီရင်တော်မူသောသူ ရှိသေး၏" - ၈း၅၀။
2. "ငါသည် မိမိဘုန်းကို ပြလျှင်၊ ငါ့ဘုန်းသည် အချည်းနှီးဖြစ်၏။ ငါ့ခမည်းတော်သည် ငါ့ကို ဘုန်းထင်ရှားစေတော်မူ၏" - အငယ်၊၅၄။
3. "သူတို့သည် ဘုရားသခင်ပေးတော်မူသော ဘုန်းအသရေထက် လူတို့ပေးသော ဘုန်းအသရေကို သာ၍ နှစ်သက်ကြ၏" - ၁၂း၄၃။

E. ယေရှုက "လူသားသည် ဘုန်းထင်ရှားရသောအချိန် ရောက်လေပြီ"ဟု ပြောခဲ့သည် (အငယ်၊၂၃)။ လူသားတော်အဖြစ် ယေရှုသည် ဘုန်းထင်ရှားရခြင်းဟူသည်မှာ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ရမည်ကို ဆိုလိုခြင်း ဖြစ်သည်။

F. အခန်းကြီး ၁၇ ၌ ယေရှုက "အို အဖ၊ ... သားတော်သည် ကိုယ်တော်၏ဘုန်းကို ထင်ရှားစေပါမည်အကြောင်း သားတော်၏ ဘုန်းကို ထင်ရှားစေတော်မူပါ" ဟု ပြောခဲ့သည် (အငယ်၊၁)။ "အို အဖ၊ ဤကမ္ဘာမတည်မရှိမီ ကိုယ်တော်နှင့်အတူ ရှိစဉ် အကျွန်ုပ်၌ရှိသော ဘုန်းအသရေနှင့် ယခုတွင်လည်း အကျွန်ုပ်ကို ကိုယ်တော်ကိုယ်တိုင်ဖြင့် ဘုန်းထင်ရှားစေတော်မူပါ" (အငယ်၊၅)။

1. ဤသည်မှာ ယောဟန် ၁၇ ရှိ သခင်ဘုရားဆုတောင်းချက်၏ အကြောင်းအရာဖြစ်သည်။
2. ဤဆုတောင်းချက်မတိုင်ခင် သခင်ယေရှုက ကိုယ်တော်သည် ဘုန်းထင်ရှားလိမ့်မည်ဖြစ်ပြီး၊ ခမည်းတော်သည် ကိုယ်တော်၌ ဘုန်းထင်ရှားခြင်းရှိလိမ့်မည်ဟု ကြိုတင်ဟောပြောခဲ့သည် - ၁၂း၂၃။ ၁၃း၃၁-၃၂။
3. ခရစ်တော်သည် ရှင်ပြန်ထမြောက်ကာ၊ ကိုယ်တော်၏လူသားဇာတိကို ဘုရားဆိုင်ရာဒြပ်သဘာဝအထဲသို့ မြှင့်တင်မည်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကိုယ်တော်၏ ဘုရားဆိုင်ရာ ဒြပ်သဘာဝသည် ထင်ရှား၍၊ ကိုယ်တော်၏ဖြစ်ခြင်းတစ်ခုလုံး၊ ကိုယ်တော်၏ဘုရားဇာတိနှင့် ကိုယ်တော်၏လူသားဇာတိသည် ဘုန်းထင်ရှားခြင်း ဖြစ်လာလိမ့်မည်ဖြစ်သည်။ ထိုသို့ဖြင့် ခမည်းတော်သည် သားတော်၌ ဘုန်းထင်ရှားခြင်း ရှိလိမ့်မည်ဖြစ်သည်။

G. သခင်ယေရှုက ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်း - သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်းအတွက် ဘုရားဆိုင်ရာဘုန်းတော်၌ တစ်လုံးတစ်ဝဖြစ်ခြင်း - ၏ အမြင့်ဆုံးအဆင့်အထဲသို့ ဝင်ရောက်မည့်အကြောင်း ဆုတောင်းခဲ့သည်၊ "ကိုယ်တော်သည် အကျွန်ုပ်အား ပေးတော်မူသော ဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အားပေးပါပြီ။ ငါတို့သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ သူတို့သည်လည်း တစ်လုံးတစ်ဝဖြစ်မည့်အကြောင်း" - ၁၇း၂၂။

1. ဤအရာသည် ယုံကြည်သူများ၏ အနက်ရှိုင်းဆုံး တစ်လုံးတစ်ဝဖြစ်ခြင်း၊ ဘုရားသခင်၏ စုပေါင်းထင်ရှားခြင်းအတွက် ဘုရားဆိုင်ရာဘုန်းတော်၌ တစ်လုံးတစ်ဝဖြစ်ခြင်း ဖြစ်သည်။
2. ယုံကြည်သူများ၏ တစ်လုံးတစ်ဝဖြစ်ခြင်း ဤသွင်ပြင်၌ သူတို့၏အတ္တသည် အပြည့်အဝ ငြင်းပယ်ခြင်းခံရကာ၊ သူတို့၏စုံလင်ခံရသော တစ်လုံးတစ်ဝဖြစ်ခြင်း၏ အကြောင်းရင်းအဖြစ် ခမည်းတော်၏ဘုန်းတော်ကို မွေ့လျော်ဝမ်းမြောက်လျက်၊ ထိုသို့ဖြင့် ဘုရားသခင်ကို စုပေါင်းခြင်း၊ တည်ဆောက်ခြင်း နည်းလမ်း၌ ထင်ရှားစေကြသည်။

## V. သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းအဖြစ် သားတော်ခရစ်တော်သည် ခမည်းတော်၏ ဘုန်းထင်ရှားခြင်းဖြစ်သည် - အငယ်၊၁၊ ၅၊ ၂၂-၂၃။

A. ဘုန်းထင်ရှားခြင်းဟူသည်မှာ ထင်ရှားပေါ်ထွန်းလာခြင်းကို ဆိုလိုသည်။ ဘုန်းထင်ရှားခြင်းမှာ ထင်ရှားပေါ်ထွန်းလာခြင်းပင် ဖြစ်သည်။

B. ယောဟန် ၁၄ မှ ၁၆ အထိရှိသော သခင်ဘုရား၏ ဝေငှချက် အဓိကအချက်မှာ သားတော်သည် ဘုန်းတော်ထင်ရှား၍၊ ထိုသို့ဖြင့် ခမည်းတော်သည် သားတော်၌ ဘုန်းထင်ရှားခြင်း ရှိမည့်အကြောင်း ဖြစ်သည်။

1. ကိုယ်တော်၏ဝေငှချက်၌ သခင်ဘုရားက ဘုန်းထင်ရှားခြင်းအကြောင်း ပြောခဲ့ပြီး၊ ကိုယ်တော်၏ဆုတောင်းချက်၌ ကိုယ်တော်သည် ဘုန်းထင်ရှားခြင်းအတွက် ဆုတောင်းခဲ့သည် - ၁၃း၃၁-၃၂။ ၁၄း၁၃။ ၁၅း၈။ ၁၇း၁၊ ၅။
2. ခရစ်တော်သည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားဆိုင်ရာဘုန်းတော်ဖြင့် ခမည်းတော်အားဖြင့် ဘုန်းထင်ရှားစေခြင်း ခံရသည် - ၇း၃၉။
   a. *ဘုန်းထင်ရှားခြင်း* မှာ *ရှင်ပြန်ထမြောက်ခြင်း* ကို ကိုယ်စားပြုသည်၊ အကြောင်းမှာ သခင်ဘုရားသည် ရှင်ပြန်ထမြောက်သောအခါ ဘုန်းထင်ရှားခြင်းရှိခဲ့သောကြောင့် ဖြစ်သည်။ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ကိုယ်တော်ကို ဘုန်းတော်အထဲသို့ ခေါ်ဆောင်လာခဲ့သည် - လု၊၂၄း၂၆။ ၁ကော၊၁၅း၄၃။ တ၊၃း၁၃၊ ၁၅။
   b. ဓမ္မသစ်စဉ်းစားခြင်းအရ ရှင်ပြန်ထမြောက်ခြင်းသည် အသက်၌ လွတ်မြောက်ခြင်း ဖြစ်ပြီး၊ ဤအသက်၌ လွတ်မြောက်ခြင်းသည် ဘုန်းထင်ရှားခြင်း၏ အကြောင်းအရာ ဖြစ်သည်။ ထို့ကြောင့် *ဘုန်းထင်ရှားခြင်း* သည် *ရှင်ပြန်ထမြောက်ခြင်း* ၏ အနက်တူစကားလုံး ဖြစ်သည်။

C. ယနေ့ အသင်းတော်အားဖြင့် သားတော်သည် ဘုန်းထင်ရှားလိမ့်မည်ဖြစ်သည်၊ သို့မှသာ ခမည်းတော်သည် သားတော်၌ သားတော်မှတစ်ဆင့် ဘုန်းထင်ရှားခြင်း ရှိနိုင်မည်ဖြစ်သည် - ယော၊၁၇း၂။ ဧ၊၃း၂၁။

1. ဘုန်းတော်သည် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝ၏ ထင်ရှားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝအားဖြင့် အသက်ရှင်ခြင်း ရှိလေလေ၊ အသင်းတော်၌ ဘုရားဆိုင်ရာဘုန်းတော် ပို၍ ရှိလေလေဖြစ်သည် - ယော၊၁၇း၂။ ဧ၊၃း၂၁။
2. ခမည်းတော်သည် ခရစ်တော်၏ယုံကြည်သူများက သားတော်၌ ခမည်းတော်နှင့်အတူ အံ့သြဖွယ်ရာ အပြန်အလှန်တည်နေသော တစ်လုံးတစ်ဝဖြစ်ခြင်း၌ အသက်ဆိုင်ရာ ပေါင်းစည်းခြင်းမှတစ်ဆင့် ဘုန်းထင်ရှားခဲ့သည် - ယော၊၁၇း၂၃။
   a. ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ကြသောအခါ၊ ခရစ်တော်သည် ဘုန်းထင်ရှားပြီး၊ ခမည်းတော်သည်လည်း ဘုန်းထင်ရှားသည်။
   b. ယောဟန် ၁၇ ရှိ တစ်လုံးတစ်ဝဖြစ်ခြင်းသည် သားတော်၌ ခမည်းတော်၏ ဘုန်းထင်ရှားခြင်းအတွက် ဖြစ်သည်။ ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် အမှန်မှာ ဘုရားဆိုင်ရာ ဘုန်းထင်ရှားခြင်းဖြစ်သည်။
3. ဘုရားဆိုင်ရာဘုန်းထင်ရှားခြင်း၌ သုံးပါးတစ်ပါးဘုရားသည် လူသားဇာတိ၌ ဘုန်းထင်ရှားပြီး၊ လူသားဇာတိသည် ဘုရားဇာတိ၌ ဘုန်းထင်ရှားသည် - ဗျာ၊၂၁း၁၀-၁၁။

*© 2024 Living Stream Ministry*